ကလေးများအတွက် လောကနီတိသင် မြန်မာ-အင်္ဂလိပ် နှစ်ဘာသာ သရုပ်ဖော်စာစဉ်များ

mgyoe.com

မျောက်ကလေး

# ဖိုးညို

ပါဝင်သည်။

## Be Healthy, Be Happy, Be Friendly

## အာဟာရ ပြည့်အောင်နေပါ မိတ်ဆွေအသိုင်းအဝိုင်းကို တန်ဖိုးထားပါ

ညီညီ(စိတ်ပညာ)




mgyoe.com

ကာတွန်းဇိုသံ

ဘဝအတွက် အလွန်အရေးကြီးသလို လူမှုဝန်းကျင်တွင်
လူရာဝင်စေရန်လည်း အရေးပါလှသော လောကနီတိကို ကလေးများနှင့်
ရင်းနှီးစေရန် ခေတ်ပေါ်ပုံပြင်သစ်လေးများဖြင့်
**မျောက်ကလေးဖိုးညို**ကို ဇာတ်ဆောင်ပြု၍ အပါးတော်မြဲ လူငယ်စာစဉ်မှ
မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် တင်ဆက်လိုက်ပါသည်။

ယခု **မျောက်ကလေးဖိုးညို**စာစဉ်တွင်
ချစ်စဖွယ်တိရစ္ဆာန်လေးများကို အခြေခံ၍ ပုံပြင်ရုပ်ပြဆန်ဆန်
တင်ဆက်ထားခြင်းကြောင့် ကလေးများပျော်ရွှင်စွာ ဖတ်ရှုနိုင်မည်ဖြစ်ပြီး
ထိုပုံပြင်လေးများကို အသုံးပြု၍
ဆုံးမပဲ့ပြင် အမူအကျင့်ကောင်းများ
မျိုးထောင်ပေးနိုင်မည်
ဖြစ်ပါသည်။







ISBN 978-99971-2-017-5
A1PN0001
700 MMK

mgyoe.com

စာမူနှင့် ပြင်ဆင်တင်ဆက်ပုံမူပိုင် - အပါးတော်မြဲ
စာအုပ်တိုက်အမှတ်တံဆိပ် - အော်ပီကျယ်

ထုတ်ဝေခြင်း။ ဦးအောင်စည်သာ၊ အပါးတော်မြဲစာပေတိုက်(၀၂၂၉၃)၊
ပုံနှိပ်ခြင်း။ ဦးအောင်စည်သာ၊ အပါးတော်မြဲပုံနှိပ်တိုက်(၀၁၅၀၅)၊
၁၁၇၉၊ မစိုးရိမ်လမ်း၊ ကံဘဲ့၊ ရန်ကင်း။
မျက်နှာဖုံးနှင့် အတွင်း - ကာတွန်းဗိုသံ

မျောက်ကလေး ဗိုးညို ပါဝင်သော
အာဟာရပြည့်အောင်နေပါ မိတ်ဆွေအသိုင်းအဝိုင်းကို
တန်ဖိုးထားပါ၊ ညီညီ(စိတ်ပညာ)
၁၈ မျက်နှာ၊ ၁၄ . ၅ စင်တီ× ၂၁ စင်တီ
ပထမနှိပ်ခြင်း၊ ၂၀၁၉၊ စက်တင်ဘာလ၊ အုပ်ရေ ၁၀၀၀၊
ရောင်းဈေး - ၇၀၀ ကျပ်

email: aptmpublishinghouse@gmail.com
www.facebook.com/aptmbookhouse.
အမှတ် (၇/၈)၊ မြန်မာသီရိလင်္ကာရာမကျောင်းလမ်း၊ နတ်ချောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်။
၀၉ ၉၅၁၃၉၉၅၅၅၊ ၀၉ ၄၄၁၅၁၅၅၅၈

mgyoe.com

mgyoe.com

မျောက်ကလေး မိုးညို
ပါဝင်သော


# Be Healthy, Be Happy, Be Friendly

# အာဟာရ ပြည့်ဝအောင်စားနေပါ
# မိတ်ဆွေအသိုင်းအဝိုင်းကို
# တန်ဖိုးထားပါ

ညီညီ(စိတ်ပညာ)




mgyoe.com



တစ်ခါတုန်းကပေါ့...
တောအုပ်ကြီးထဲမှာ
မျောက်ကလေးတစ်ကောင်
ရှိသတဲ့။

Once upon a time,
there was a monkey
in the forest.

mgyoe.com
mgyoe.com



သူ့နာမည်က
ဖိုးညိုတဲ့ကွယ်။
ဖိုးညိုလေးဟာ
ကလေးပီပီ
အလွန်ကစားသတဲ့။

His name was
Pho Nyo
and he played a lot
as a child.

mgyoe.com

mgyoe.com

တစ်ခါတစ်ခါ ဘယ်လောက်တောင် ကစားသလဲဆိုရင် အစားစားဖို့တောင် မေ့နေပါသတဲ့။ ဒီတော့ ကစားမက်တဲ့ မျောက်ကလေးဖိုးညိုဟာ တဖြည်းဖြည်း ပိန်လာတာပေါ့ကွယ်။

Sometimes, he even forgot to eat as he was playing all the time and therefore he was getting thinner and thinner.






mgyoe.com

mgyoe.com


ပိန်လာတော့ အားမရှိဖြစ်တာပါ့။
အားမရှိတဲ့အတွက် သစ်ပင်ပေါ် ပြေးတက်ပြေးဆင်း
မလုပ်နိုင်တော့တာပေါ့။

The thinner he became, the weaker he was and at last he could not even climb a tree.





mgyoe.com



တစ်နေ့ သစ်ပင်နားက နေရိပ်အောက်မှာ ကစားနေတုန်း
မြေခွေးတစ်ကောင်က မျောက်ကလေးဖိုးညိုကို
ဖမ်းယူစားသောက်ဖို့ ကြိုးစားတာပေါ့။

One day while Pho Nyo was resting under the tree,
a fox approached to catch him .

mgyoe.com



အရင်ကဆို မျောက်ကလေးဖိုးညိုဟာ သွက်သွက်လက်လက်နဲ့
ပြေးလွှားနိုင်ပြီး သစ်ပင်တွေပေါ် တက်တက်ပြေးနိုင်တာမို့
သူ့ကို လိုက်ဖမ်းတဲ့ သတ္တဝါတွေရဲ့ လက်က လွတ်မြောက်လေ့
ရှိတာပေါ့။

Once Pho Nyo was very fast and he could always escape whenever he was hunted.



mgyoe.com

mgyoe.com



ခုတော့ အစားမစားဘဲ ကစားမက်လို့
ပိန်လည်းပိန်၊ အားလည်းနည်း၊ အာဟာရလည်း
မပြည့်တာမို့ သစ်ပင်ပေါ်တက်ဖို့ နေနေသာသာ
သစ်ပင်နားတောင် မနည်းပြေးနေရတာပေါ့။

But now, poor Pho Nyo was too weak to climb up the tree. So, all he could do was just run away instead of climbing.




mgyoe.com

mgyoe.com

မြေခွေးကလည်း လိုက်တာပေါ့။ မိလုမိခင်လေးမှာ ဆင်ပေါက်ကလေးမိပိုက မြေခွေးကို လှမ်းပြီး နှာမောင်းနဲ့ ခြောက်လိုက်လို့ မျောက်ကလေးဖိုးညိုခမျာ အသက်ဘေးက လွတ်သွားသတဲ့ကွယ်။

Luckily, when he was nearly caught, his friend Mi Po, a small elephant, arrived and frightened the fox to save Pho Nyo.






mgyoe.com

mgyoe.com

နောက်နေ့တွေမှာတော့ မျောက်ကလေးဖိုးညိုဟာ
အစားစားချိန် စားလို့၊ ကစားချိန်မှာကစားလို့ အားအင်တွေ
ရှိအောင် နေထိုင်တတ်တဲ့ ဖိုးလိမ္မာမျောက်ကလေးတစ်ကောင်
ဖြစ်နေပါတော့တယ်။

Since from that day, Pho Nyo became a good monkey
who knows when to eat and when to play.





mgyoe.com

mgyoe.com

ဖိုးညိုလေးရဲ့မေမေက ဖိုးညိုလေးကို အစားအစာအာဟာရဟာ
အရေးကြီးကြောင်းနဲ့ ကိုယ်ခန္ဓာသန်စွမ်းဖို့၊ သွက်လက်ဖို့
ထောက်ပံ့ကြောင်းတွေ ပြောပြတာပေါ့။

Pho Nyo's mother taught him to be healthy all the time by eating well and also to be always strong in life .






mgyoe.com

mgyoe.com

"အစာကောင်းကောင်းစားဖို့ လိုတယ် ဖိုးညိုရဲ့၊
ဒါမှ မေမေ့သားလေး ကျန်းမာ သွက်လက်မှာလေ"

" You need to eat a lot Pho Nyo, then you would become stronger and lighter", taught by his mom .






mgyoe.com

mgyoe.com

ဖိုးညိုလေးက သူ့မေမေစကားကိုလည်း နားထောင်ရင်း စိတ်ထဲမှာ
တွေးနေတာကတော့ အစားအစာလည်း စားဖို့ လိုသလို
မိတ်ဆွေကောင်းလည်း ပေါင်းဖို့လိုတယ်ဆိုပြီး ဆင်မလေးမိပိုကို
ကျေးဇူးတင်နေပါသတဲ့ကွယ်။



Pho Nyo was thinking to obey his mom and at the same time he would like to thank Mi Po for saving him as a good friend.





mgyoe.com

mgyoe.com

## သင်ခန်းစာ

အာဟာရပြည့်အောင်နေပါ။
မိတ်ဆွေအသိုင်းအဝိုင်းကို
တန်ဖိုးထားပါ။

**Moral Lesson:**

Be healthy, be nutritious and
be smart to survive in life.
Playing is good but it's not alone.
Have good friends.



mgyoe.com

mgyoe.com





အာဟာရပြည့်အောင်နေပါ
Be healthy, be nutritious and
be smart to survive in life.



mgyoe.com